# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ဆရာတင်နွယ်မောင်၏ အတ္ထုပ္ပတ္တိ | ၇ |
| | ဤစာအုပ်နှင့်ပတ်သက်၍ မြန်မာပြန်သူ၏ အမှာ | ၉ |
| | နိဒါန်း | ၁၅ |
| | **အပိုင်း(၁)** | |
| | လက်နက်တပ်ဆင်ခြင်းနှင့် အဏုမြူလက်နက် ပြိုင်ဆိုင်ထုတ်လုပ်မှု | |
| ၁။ | ဘင်ဂူရီယံ၏ အခက်အခဲ | ၂၄ |
| ၂။ | ခြင်္သေ့နှင့် သိုးငယ်(သို့မဟုတ်) အစ္စရေးနိုင်ငံ အဏုမြူ လက်နက်ထုတ်လုပ်ရေးအတွက် ဆွေးနွေးချက်များ | ၃၀ |
| ၃။ | နတ်ဆော၏ ရိုးရိုမှုနှင့် ဆာဒတ်၏ အမြေ | ၄၀ |
| ၄။ | အဏုမြူရုံးရှာပုံတော်... လင်ဗျား ဆီးရီးယား ဆော်ဒီနှင့် ပါကစ္စတန်တို့၏ ကြိုးပမ်းချက် | ၅၄ |
| ၅။ | မြေအောက်ခန်းထဲမှ ဗုံး(သို့မဟုတ်) ဒါယာနာ၏ ပုံသေနည်း | ၇၀ |
| ၆။ | ဆာဒမ်ဟူစိန်နှင့် တမ်မွှတ်(၁)စီမံကိန်း | ၈၅ |
| | **အပိုင်း(၂)** | |
| | ဆုံးဖြတ်ချက်ချခြင်း | |
| ၇။ | နံရံပေါ်မှ သတိပေးစာ-ပြင်သစ်မှအရှက်လုပ်ငန်း | ၁၀၇ |
| ၈။ | နံရံပေါ်မှ သတိပေးစာ-ကြိုးစက်ကို ဖြတ်ပစ်ခြင်း | ၁၁၅ |
| ၉။ | နောက်ဆုံးသတိပေးခြင်း-အီရန်တို့၏ တိုက်ခိုက်မှု | ၁၃၅ |
| ၁၀။ | သုံးမှုင်းဆိုင်ဆုံးဖြတ်ခြင်း | ၁၅၀ |
| | **အပိုင်း(၃)** | |
| | ဘေဘီလုံစစ်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်း | |
| ၁၁။ | ဘေဘီလုံစစ်ဆင်ရေး-ရွေးချယ်ခြင်းများ | ၁၆၅ |
| ၁၂။ | ဘေဘီလုံစစ်ဆင်ရေး-ဒုတိယမြောက်အင်တာကတီလော | ၁၇၇ |
| ၁၃။ | ဘေဘီလုံစစ်ဆင်ရေး-ကင်းထောက်ပျံသန်းခြင်း | ၁၈၅ |
| ၁၄။ | ဘေဘီလုံစစ်ဆင်ရေး-လင်းယုန်နှင့်သိမ်းငှက် | ၂၀၇ |
| ၁၅။ | ဘေဘီလုံစစ်ဆင်ရေး-အသွားလမ်း | ၂၃၀ |
| | ပထမနည်းဗျူဟာ | ၂၃၆ |
| | ဒုတိယနည်းဗျူဟာ | ၂၃၈ |
| | တတိယနည်းဗျူဟာ | ၂၄၉ |
| | စတုတ္ထနှင့် ပဥ္စမနည်းဗျူဟာ | ၂၅၂ |
| ၁၆။ | ဘေဘီလုံစစ်ဆင်ရေး-လက်နက်ရွေးချယ်ခြင်း | ၂၅၉ |
| ၁၇။ | ဘေဘီလုံစစ်ဆင်ရေး-စတင်ခြင်း | ၂၆၅ |
| ၁၈။ | ဘေဘီလုံစစ်ဆင်ရေး-အောင်ပွဲရတာတင်ပေါင်းအိုပေါ်မှာ ပြီးနှစ် | ၂၆၇ |
| | **အပိုင်း(၄)** | |
| | ဆုံးဖြတ်ချက် | |
| ၁၉။ | အစ္စရေးတို့၏ ကြေညာချက် | ၂၈၇ |
| ၂၀။ | အီရတ်အစိုးရ၏ ကြေညာချက် | ၂၉၄ |
| ၂၁။ | ဗုံးကြဲခြင်းနှင့် အစ္စရေးတို့၏ တုံ့ပြန်မှု | ၂၉၉ |
| ၂၂။ | ဝါးအရေးရာစစ်ပွဲ-အီရတ်တို့၏ အပြန်အလှန် ထိုးနှက်ချက် | ၃၀၅ |
| ၂၃။ | သိမ်မွေ့သော အင်အားညှိသည့်လုပ်ရပ် (သို့မဟုတ်) အမေရိကန်တို့၏ ဆုံးဖြတ်ချက် | ၃၁၂ |
| ၂၄။ | အစ္စရေးတို့၏ ဆုံးဖြတ်ချက် | ၃၃၇ |
| ၂၅။ | ပြင်သစ်တို့၏ ငြင်းဆိုချက် | ၃၄၇ |
| ၂၆။ | အာရပ်ကမ္ဘာမှ နျူကလီးယားကျွက်လယ်ကို မြည့်စွက်ခြင်း | ၃၆၅ |
| ၂၇။ | နိဂုံး | ၃၇၄ |


## ဤစာအုပ်နှင့်ပတ်သက်၍ မြန်မာပြန်သူ၏ အမှာ

ကမ္ဘာကျော်ထိပ်တန်းထောက်လှမ်းရေးအဖွဲ့ 'မော့ဆက်'နှင့် ပတ်သက်ခဲ့သော စာအုပ်လေးအုပ် စာချစ်သူများထံသို့ ကျွန်တော် တင်ဆက်ခဲ့ပါသည်။

အစ္စရေးသတင်းစာဆရာယူရီဒန်း၊ အလီလန်းဒေါ်နှင့် အဂ်လိပ် သတင်းစာဆရာ ဒင်းနစ်အိုင်ဆင်းဘတ်တို့ ရေးသော **Mossad** ကို ဘာသာပြန်ထားသည့် 'မော့ဆက်'က ပထမအုပ်…

အစ္စရေးသတင်းစာဆရာ ရုပ်ဟူဒါအိုဖာရေးသော **Operation Thunder** စာအုပ်အပါအဝင် နိုင်ငံရပ်ခြားသတင်းစာစောင်များ၊ နိုင်ငံခြားသတင်းစာများ၊ သမိုင်းဆိုင်ရာ အထောက်အထား အချက်အလက်များကို ဘာသာပြန်ဆိုမှီငြမ်းကိုးကား၍ ကျမ်းတစ်စောင်တဖွဲ့ ပြုစုသကဲ့သို့ ရေးသားခဲ့သော 'မော့ဆက်-၂'က ဒုတိယအုပ်…

ပထမမော့ဆက်စာအုပ်မူရင်းကို ရေးခဲ့သော ဒင်းနစ်အိုင်ဆင်းဘတ်၊ အလီလန်းဒေါ်နှင့် နောက်တစ်ယောက်ဖြစ်သည့် မိနာဟင်ပေါ်တူကလီတို့ရေးခဲ့သည့် **Operation Uranium Ship** စာအုပ်ကို ဘာသာပြန်ဆိုသော 'ယူရေနီယမ်သင်္ဘော' က တတိယအုပ်…

ယခုစာအုပ်ဖြစ်သော 'ဘဂ္ဂဒက်မြို့ပေါ်မှာ ၂ မိနစ်' က စတုတ္ထအုပ်ဖြစ်ပါသည်။

ယခုစာအုပ်ကို နိုင်ငံတကာအရေးအခင်းနှင့်ဆိုင်သည့် နိုင်ငံ



တကာဆက်သွယ်ရေးဘာသာရပ်၊ နိုင်ငံရေးသိပ္ပံနှင့် လူမှုရေးသိပ္ပံ ဘာသာရပ်များတွင် တန်းကုန်အောင် သင်ကြားတတ်မြောက်ခဲ့ကြပြီး ကမ္ဘာကျော်တက္ကသိုလ်အသီးသီးတွင် ပြန်လည်ပို့ချနေကြသော အစ္စရေး ကထိကနှင့် ပါမောက္ခများဖြစ်ကြသည့် အေးမို့(စ)ပါ(လ)မတ်တာ၊ မိုက်ကယ်ဟန်ဒယ်(လ)နှင့် ယူရီဘား-ဂျိုးဇက်တို့ ရေးပါသည်။

ဤစာအုပ်ကို အပိုင်းလေးပိုင်း ခွဲ၍ ရေးသားထားပါသည်။

အပိုင်း(၁)တွင် အစ္စရေးနိုင်ငံအပါအဝင် အရှေ့အလယ်ပိုင်း ဒေသနိုင်ငံများ အဏုမြူလက်နက် လက်ဝယ်ရရှိအောင် ကြိုးစားကြပုံ သမိုင်း ကြောင်းကို တင်ပြထားပါသည်။

အပိုင်း(၂)တွင် အစ္စရေးနိုင်ငံ၏ခေါင်းဆောင်များ ရန်သူနိုင်ငံတွင် ပေါ်ပေါက်လာသော အဏုမြူဓာတ်ပေါင်းဖိုကို တိုက်ခိုက် ဖျက်ဆီးရန် ဆုံးဖြတ်ချက်ချကြပုံကို ရေးသားထားပါသည်။

အပိုင်း(၃)တွင် အီရတ်အဏုမြူဓာတ်ပေါင်းဖိုကြီးကို ကြိုတင် တိုက်ခိုက်ဖြိုလှဲရန် ဗျူဟာချမှတ်၍ စစ်ဆင်ရေးပြင်ဆင်ကြပုံကို တင်ပြထားပြီး…

အပိုင်း(၄)တွင် အစ္စရေးတို့၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပေါ်ပေါက်လာသော နိုင်ငံတကာဝေဖန်သုံးသပ်ချက်များကို တင်ပြထား ပါသည်။ အပိုင်း(၄)သည် စာချစ်သူတို့အား ဆန်းစစ်ဝေဖန်သုံးသပ် တတ်သောအကျင့်ကို ပေးလိမ့်မည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

အမှန်စင်စစ် တတိယမြောက်စာအုပ်နှင့် ယခု စတုတ္ထမြောက် စာအုပ်ထဲမှ အကြောင်းအရာတို့မှာ 'မော့ဆက်-၂' စာအုပ်ထဲတွင် ပါဝင်ပြီးဖြစ်ကြောင်း စာချစ်သူတို့အား ကျွန်တော် ရိုးသားစွာဝန်ခံပါ သည်။

သို့သော်…

မော့ဆက်-၂ စာအုပ်ထဲမှ ယူရေနီယမ်သင်္ဘောအကြောင်းမှာ ခပ်တိုတိုနှင့် လိုရင်းကိုသာရေးထားသော သတင်းဆောင်းပါးဖြစ်ပါ



သည်။ ကမ္ဘာကျော် 'တိုင်းမ်'မဂ္ဂဇင်းကြီးက ဖွင့်ချရေးသားသော အချက်များဖြစ်ပါသည်။ ကျွန်တော်က "မော့ဆက်၏ တတိယပိုင်း ဇာတ်လမ်း"ဟု ခေါ်ခဲ့သော "ယူရေနီယမ်သင်္ဘော" စာအုပ်မှာ အစ္စရေးသတင်းစာဆရာသုံးဦး အရေးအသားသွက်သွက်နှင့် တင်ပြခဲ့ သော ဇာတ်လမ်းပင်ဖြစ်သည်။

'ယူရေနီယမ်သင်္ဘော'စာအုပ်တွင် မော့ဆက်အဖွဲ့၏ လှုပ်ရှား မှုများ အသေးစိတ်ပါလာသော်လည်း ယူရေနီယမ်များ အပျောက်ရိုက် ပုံကို တိတိကျကျမရေးထားကြောင်း တွေ့ရှိရသည်။ ရေးခဲ့လျှင်လည်း မော့ဆက်အဖွဲ့ကြီးက နိုင်ငံတော်လုံခြုံရေးအတွက် ဖြတ်တောက်ထား ခဲ့ခြင်းဖြစ်နိုင်ပါသည်။

သို့သော် 'မော့ဆက်-၂'ထဲမှ ယူရေနီယမ်သင်္ဘောဇာတ်လမ်း နှင့် ယှဉ်တွဲဖတ်ရှုလိုက်ပါက အစ္စရေးတို့ ယူရေနီယမ်များ လက်ဝယ် ရရှိအောင် ကြိုးပမ်းခဲ့ကြပုံကို စာချစ်သူတို့ သဘောပေါက်နားလည်ကြ မည်ဟု ကျွန်တော် ယူဆပါသည်။

'ဘဂ္ဂဒက်မြို့ပေါ်မှာ-၂ မိနစ်'သည် အမှန်စင်စစ် 'မော့ဆက်-၂'စာအုပ်တွင်ပါသော အခန်းတစ်ခန်းဖြစ်သည့် 'ဘေဘီလုံ စစ်ဆင်ရေး'ကို ကျမ်းတစ်စောင်တဖွဲ့ ထပ်မံရေးသားတင်ပြထား ခြင်းပင် ဖြစ်ပါ သည်။

မော့ဆက်-၂ စာအုပ်ထဲမှ 'ဘေဘီလုံစစ်ဆင်ရေး'တွင် ပါ သော အချက်အလက်များနှင့် ယခု 'ဘဂ္ဂဒက်မြို့ပေါ်မှာ ၂ မိနစ်' စာအုပ်ထဲမှ အချက်အလက်များ မတူညီပဲ အနည်းငယ်ကွဲပြားနေ ကြောင်း တွေ့ရပါမည်။ ဤသို့ အချက်အလက်ကွဲပြားခြင်းသည် မူလစာရေးဆရာများ၏ အယူအဆသာဖြစ်ပြီး စာချစ်သူတို့ကိုယ်တိုင် ဝေဖန်ပိုင်းခြားကြပါဟု မှာလိုပါသည်။

မော့ဆက်-၂ စာအုပ်မှ အခန်းငယ်များကို စာတစ်စောင်တဖွဲ့ ဘာသာပြန်ဆိုခြင်းဖြစ်သဖြင့် 'ယူရေနီယမ်သင်္ဘော' စာအုပ်ကို ကျွန်



တော် "မော့ဆက်အဖွဲ့၏ တတိယပိုင်းဇာတ်လမ်း" ဟု ဆိုခဲ့ခြင်းဖြစ် ပါသည်။

ယခုစာအုပ်မှာလည်း 'ဘေဘီလုံစစ်ဆင်ရေး'ကို ကျမ်းတစ် စောင်တဖွဲ့ ဘာသာပြန်ဆိုထားခြင်းဖြစ်သဖြင့် "မော့ဆက်အဖွဲ့၏ စတုတ္ထပိုင်းဇာတ်လမ်း"ဟု ကျွန်တော် ဆိုချင်ပါသည်။

မည်သို့ပင်ဆိုစေ ယခုစာအုပ်ကို ကျောင်းသူ၊ ကျောင်းသား များ၊ နိုင်ငံ့သားကောင်း တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ နှင့် သုတေသီများ ဖတ်ရှုပြီး အနည်းနှင့်အများ အကျိုးဖြစ်ထွန်းမည် ဆိုလျှင် ကျွန်တော် ကြိုးစားဘာသာပြန်ဆိုရကျိုး နပ်ပါသည်။

ဤစာအုပ်ထဲမှ အတွေးအခေါ်အယူအဆများမှာ ကျွန်တော် ဘာသာပြန်သူနှင့် လုံးဝ မပတ်သက်ပဲ မူလစာရေးသူများ၏ အာဘော် သာဖြစ်ကြောင်း ကြိုတင်မှာကြားအပ်ပါသည်။

တင်နွယ်မောင်